# သခင့်စကား

ဝိညာဉ်ရေးဂျာနယ်စောင်


ငါ့သိုးတို့သည် ငါ့စကား သံကို နားထောင်၍ ငါ့နောက်သို့ လိုက်ကြ၏၊
ထိုသိုး တို့ကို ငါသိ၏၊ ထာဝရ အသက် ကိုလည်း ငါပေး၏၊
ယောဟန် ၁၀း၂၇


အမှတ်စဉ် ( ၆၉ ) | မေလ | ၂၀၀၇ ခုနှစ် | မေ့မွေးဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )


## အမေ့မေတ္တာ



ဆံပင်ဖြူလို့ ၊ ပါးရေ တွန့်လဲ
အမေ့မေတ္တာ ၊ အရောင် မပြောင်းမလဲ ။
　သွားတွေကျိုးလို့ ၊ ခါးတွေ ကုန်းလဲ
　အမေ့မေတ္တာ ၊ ခိုင်မာဆဲ ။
မပီတဝါး ပြောနေရလဲ
အမေ့ တေးသံ ၊ သာယာနေဆဲ ။
　ရုပ်ပိုင်းဆိုင်ရာ ၊ အိုမင်း သော်လည်း
　အမေ့ မေတ္တာ ရှင်သန်ဆဲ ။
တည်ဆဲ မေတ္တာ ၊ အမေ့ဆီမှာ
ဖွဲ့ကာ သီကုံး ၊ ရေး မဆုံး ။

**နန်းရထိုက် ( ကနခ )**



---

## မွေးမိခင်အတွက် (ငယ်ငယ်ထူး)

သက်ရှိ လူသားတိုင်းအတွက် မွေးသမိခင် ဆိုတာ နှိုင်းတု မရတဲ့ လောက မေတ္တာရှင်ပါ။ ကိုယ့်ရဲ့ မိခင်က မွေးဖွားသန့်စင်ခဲ့လို့ လူဖြစ်လာကြရတဲ့ သူတွေချည်းပါဘဲ။ တခြားလူတွေ အတွက် အမေ့အကြောင်းကို ရေးဖွဲ့ရတာ လွယ်ကူပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်မအနေနဲ့ ကတော့ အနည်းငယ် ခက်ခဲပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မနဲ့ အမေက သဘောထားချင်း သိပ် မတိုက်ဆိုင်လို့ပါ။ အမေက စည်းကမ်းကြီးပြီး ချုပ်ချယ်တတ်တဲ့သူမို့ ကျွန်မနဲ့ အမေဟာ အမြဲတမ်းလိုလို မတည့်ကြပါဘူး။ အမေဟာ ကျွန်မကို မချစ်ဘူးလို့ စိတ်ထဲမှာ ထင်မိပါတယ်။ ဒါ့ကြောင့်လဲ အမေ့ကို အဖေလောက် မချစ်ခဲ့ပါဘူး။ ကျွန်မ ကလည်း အရင်က ဆိုးခဲ့တာကိုး။ အမေကတော့ ကျွန်မကို အချစ် မပျက်ခဲ့ပါဘူး။ ကျောင်းဆရာမ ပီပီ အမေက အရမ်း ဆိုဆုံးမပါတယ်။ ဒါကိုဘဲ ကျွန်မက မကြိုက်တာပါ။

ဒါပေမဲ့ အမေက ကျွန်မကို သိပ်ချစ်လို့ ဆိုဆုံးမခဲ့တာကို အခုချိန်မှ သဘောပေါက်လာခဲ့ရပါတယ်။ အမေဟာ ကျွန်မ လိမ္မာအောင် ဆုတောင်း ချက်တွေကို အသင်းတော်မှာ တင်ပြ ဆုတောင်းခဲ့သလို သူကိုယ်တိုင်လဲ ကြိတ်ပြီး ဆုတောင်းခဲ့ပါတယ်။ ကျွန်မ စင်ကာပူကို ပထမဆုံးအကြိမ် အလုပ်လာလုပ်တာ အဆင်မပြေတဲ့အတွက် ၅လလောက်အကြာမှာ အပြီးပြန်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ မမျှော်လင့်ဘဲ အခု လက်ရှိ လုပ်နေတဲ့ အလုပ်ကို အင်တာဗျူး ဝင်ဖြေတာ ဘုရားသခင် ပြင်ဆင်ပေးလို့ အဆင်ပြေခဲ့ပါတယ်။ အထူးသဖြင့် အမေ့ရဲ့ ဆုတောင်းပေးချက်ကြောင့်လို့ ကျွန်မ အကြွင်းမဲ့ ယုံကြည်ပါတယ်။ အမေဟာ ဘာသာတရားကို ကိုင်းရှိုင်းပြီး ဆုတောင်း အားကြီးတဲ့သူပါ။ အခုတော့ အမေ့သမီး ဖြစ်ရတာကို ကျွန်မ ဂုဏ်ယူနေမိပါတယ်။ အမေ့ရဲ့ မေတ္တာကို ပိုသိပြီး အမေ့ကို ပိုချစ်လာမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ကိုယ်တိုင်လဲ မိခင်နေရာ ရောက်လာပြီး အမေဆိုတာ သားသမီးတွေအပေါ် မေတ္တာ ဘယ်လောက်ရှိပြီး ဘယ်လို ပေးဆပ်တယ်ဆိုတာ ကျွန်မ ကိုယ်တိုင် လက်တွေ့ ခံစားနေရပါပြီ။ ငယ်စဉ်က အမေ ကျွန်မကို သွန်သင်ခဲ့တဲ့ ကျမ်းပိုဒ်လေးနဲ့ ဒီသက်သေခံချက်ကို အဆုံးသတ်ပါရစေ။

**ထာဝရ ဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့၊ ကိုယ်ဉာဏ်ကို အမှီမပြုနှင့် သွားလေရာရာ၌ ထာဝရ ဘုရားကို မျက်မှောက်ပြုလော့၊၊ သို့ပြုလျှင် သင်၏ လမ်းခရီးတို့ကို ဖဲ့ပြင်တော်မူမည်၊၊ သုတ္တံ ၃း၅–၆**

စာဖတ်သူများလဲ ကိုယ့်ရဲ့ မိခင်ကို ကျွန်မလို အချစ် လျော့တာမျိုး မဖြစ်စေချင်ပါဘူး။ ဒါ့ကြောင့် လူသားတိုင်း မိမိရဲ့ မွေးမိခင်ကို ချစ်တတ်ကြပါစေ။ ။ (ဆုတောင်း အားကြီးသော အမေ့ အတွက် … )

**( ငယ်ငယ်ထူး )**

## အမိုးပြောသောပုံပြင် (ဆုံးရှင့်စိမ်း)

တစ်ခါက ဂူတစ်ဂူထဲမှာ ခြင်္သေ့ နဲ့ ကျားဟာ အဆွေခင်ပွန်း ဖွဲ့လျက် အတူတကွ နေထိုင်ကြပါသတဲ့။ ကိုယ်ရှာဖွေလို့ ရတဲ့ အစာရေစာကိုလဲ တစ်ကောင်တည်း ထိုင်မစားပစ်ဘဲ ဂူထဲကို ပြန်ယူလာပြီး ညီတူညီမျှ ဝေငှစားသောက်ကြသတဲ့။ အကယ်၍ ခြင်္သေ့ အစာ ရှာမတွေ့တဲ့ နေ့မျိုးမှာ ကျား ရှာတွေ့လာတဲ့ အစာကို အတူတူ စားသောက်ခဲ့သလို ကျား အစာ ရှာမတွေ့တဲ့ နေ့မျိုးမှာလဲ ခြင်္သေ့ ရှာလာတဲ့ အစာကို အတူတူ ခွဲဝေစားသောက်ကြသတဲ့။

နှစ်ပေါင်းများစွာ အေးအတူ ပူအမျှ နေထိုင်လာကြတဲ့ ခြင်္သေ့နဲ့ ကျားရဲ့ သိတင်းဟာ တောတိရစ္ဆာန်လေးတွေရဲ့ ကြားမှာ ပျံ့နှံ့လို့ သွားပါတယ်။ တောတိရစ္ဆာန်တွေထဲက အကြံပက်စက်တဲ့ မြေခွေးဟာ ခြင်္သေ့သားနဲ့ ကျားသားကို မစားဖူးလို့ စားချင်လာသတဲ့။ သူ့ထက် ခွန်အားကြီးတဲ့ တောဘုရင် နှစ်ကောင်ရဲ့ အသားကို ဘယ်လို စားသောက်ရမယ်ဆိုတာ နေ့စဉ် နဲ့အမျှ ဉာဏ်နီ ဉာဏ်နက်တွေ အကုန်ထုတ်ပြီး စဉ်းစားတွေးတော နေပါသတဲ့။ နောက်ဆုံး ရခဲ့တဲ့ အကြံအစည်အတိုင်း ရက်ပေါင်းများစွာ အစာငတ် ခံထားရတဲ့ ပုံစံ ဟန်ဆောင်ပြီး တုန်ရီမောပန်းစွာနဲ့ ခြင်္သေ့နဲ့ ကျားတို့ နေထိုင်တဲ့ ဂူရှေ့မှာ ငစဉ်းလဲမြေခွေးဟာ ရပ်နေပါလေရော။



သနားကြင်နာ တတ်တဲ့ ခြင်္သေ့နဲ့ ကျားဟာ မြေခွေး တကယ် ဒုက္ခရောက်နေတယ် ထင်ပြီး ဂူထဲခေါ်ကာ အစာရေစာနဲ့ ကျွေးမွေး ပြုစုပါတော့တယ်။

ဒီလိုနဲ့ သူငယ်ချင်းနှစ်ကောင်ရဲ့ ကြားထဲ မြေခွေး ဝင်ရောက်လို့ လာပါတော့တယ်။ နေ့စဉ် ခြင်္သေ့နဲ့ ကျားတို့ ရှာဖွေသမျှကို အလုပ်မလုပ်ဘဲ ဒိုင်ခံ စားသောက်နေတဲ့ သူကတော့ မြေခွေး ဘဲဖြစ်ပါတယ်။ အဲဒီအပြင် ငြိမ် ငြိမ်မနေဘဲ ရှေး မဆွက ကြံစည် ထားတဲ့အတိုင်း အစီအစဉ်ကို အကောင် အထည် ဖော်ပါတော့တယ်။ သူ့ရဲ့ အကြံ အစည်ကတော့ ချစ်သူငယ်ချင်း နှစ်ကောင်ရဲ့ အကြားမှာ ကုန်းချောပြီး သွေးထိုးစကား ပြောဖို့ ဖြစ်ပါတယ်။ အစာရှာ ထွက်တဲ့ ကျား အပြန် နောက်ကျရင် ခြင်္သေ့ကြီးကို ဒီလိုပြောသတဲ့ “အို အရှင် ခြင်္သေ့မင်းကြီး မနေ့ညက ကျားက ကျွန်ုပ်ကို ရင်ဖွင့်ပါတယ်၊ အရှင် ခြင်္သေ့မင်းကြီးဟာ အသုံးမကျဘဲ ပျင်းရိပြီး သူရှာဖွေသမျှ အစာတွေကို အဆင်သင့် မပင်မပန်းဘဲ စားသောက်နေတယ်”လို့ ပြောလိုက်သတဲ့။ ဒီလိုဘဲ ခြင်္သေ့ကြီး အစာရှာ ထွက်လို့ နောက်ကျတဲ့နေ့တွေမှာ စောရောက်နေတဲ့ ကျားကြီးကို ထိုနည်းအတိုင်း ပြန်ပြောသတဲ့။ ကြားရဖန် များလာတဲ့ ကျားနဲ့ ခြင်္သေ့ဟာ အထင်အမြင်လွဲ စိတ်ဝမ်းတွေ ကွဲပြီး တစ်ကောင်နဲ့ တစ်ကောင် ပြိုင်ရန်ထောင် လာကြပါတော့တယ်။ ပြဿနာရဲ့ အဖြစ်မှန်ကို မသိကြတဲ့အတွက် နောက်ဆုံးမှာ မြေခွေး ကုန်းတိုက်တဲ့ စကားကို နားယောင် သွားပြီး အပြန်အလှန် တိုက်ခိုက်ကြ ကာ နှစ်ကောင်စလုံး အသက်ဆုံးသွားပါတော့တယ်။





တောတွင်း တိရိစ္ဆာန်တွေရဲ့ ပုံပြင်တိုင်းမှာ ဗီလိန် အဖြစ် အသတ်အမှတ် ပြုခံရတဲ့ မြေခွေးဟာ ဝမ်းမြောက် ဝမ်းသာစွာနဲ့ ချစ်သူငယ်ချင်း နှစ်ကောင်ရဲ့ အသားကို အားရပါးရ မြိန်ရေ ယှက်ရေ စားသောက်လိုက် ရပါတော့တယ်။



ဒီပုံပြင်ဟာ ကျွန်မရဲ့ မွေးသ မိခင်မှ ပြောပြခဲ့သော ပုံပြင် လေးဖြစ်ပါတယ်။ မောင်နှမ များလွန်းတဲ့ ကျွန်မတို့ အိမ်ထောင်မိသားစုထဲမှာ

မောင်နှမအချင်းချင်း သဘောထားမတိုက်ဆိုင်လို့ ရန်ဖြစ်ကြတဲ့အခါတိုင်း ဆူညံစွာ အော်ဟစ်ကြပြီး အမိုးဆီ သူ့ထက်ငါ ရောက်အောင်သွားကာ ဦးအောင် တိုင်တန်းတတ်ကြပါတယ်။ သခင်ယေရှုခရစ်တော်က သူ့တပည့်တော်တွေကို ဆိုဆုံးမတဲ့အခါတိုင်း ဥပမာလေးပေးပြီး ဆိုဆုံးမလေ့ ရှိတာကို အမိုးက အတုယူပြီး ထိုနည်းအတိုင်း ကျွန်မတို့ မောင်နှမတွေကို ပုံပြင်လေးနဲ့ ဆုံးမတတ်ပါတယ်။ ပုံပြောပြီးသွားရင်လဲ ကျမ်းပိုဒ်လေးနဲ့ အဆုံးသတ်တတ်ပါတယ်။ မောင်နှမများ ချစ်ချစ်ခင်ခင် နေထိုင်ကြဖို့နဲ့ စိတ်ဝမ်းကွဲအောင် လုပ်တဲ့ စာတန်ကို အခွင့်မပေးဖို့ ကိုယ်တိုင်လဲ ကုန်းတိုက်ချောစားသောသူ မဖြစ်ဖို့ သွန်သင်ပါတယ်။ ဒီပုံပြင်လေးနဲ့ လိုက်ဖက်တဲ့ ကျမ်းပိုဒ်လေးကိုလဲ ရွတ်ဆိုစေပါတယ်။

**ဆူအောင်ကျွေးသော နွားတစ်ကောင်လုံးကို အချင်းချင်း အငြိုးထားသော စိတ်နှင့် စားရသည့်ထက်၊ ချစ်ခြင်းမေတ္တာပါသော ဟင်းရွက် တစ်နပ်စာသည် သာ၍ကောင်း၏။ သုတ္တံ ၁၅း၁၇**

ချစ်သော စာဖတ်သူများရှင့်၊ ဒီနှစ် မိခင်များနေ့မှာ ကျွန်မ အနေနဲ့ အမိုး ပြောပြခဲ့ဖူးတဲ့ ပုံပြင်လေးနဲ့ အားလုံးကို ခွန်အား ပေးလိုက်ပါတယ်။ ဒီပုံပြင်လေးနဲ့ ကျမ်းချက်လေးကို စဉ်းစားဆင်ခြင်ပြီး မိမိတို့ရဲ့ မိသားစု၊ ညီအစ်ကို မောင်နှမ မိတ်သဟာယ၊ အသင်းတော် အသိုင်းအဝိုင်းကို ပြိုကွဲအောင် ချောင်းမြောင်းကုန်းချော ကုန်းတိုက်နေတဲ့ စာတန်မာရ်နတ်ရဲ့ ရန်ကို သတိထားကြစေလိုပါတယ်။

ဘုရားသခင်ရဲ့ ရှေ့မှောက်မှာ ဟန်ပန်နဲ့ စားနေကြတဲ့ နွားတစ်ကောင်လုံးလို မဟုတ်ဘဲ ( ပါဝင်လက်တွဲအစေခံ ) ချစ်ခြင်းမေတ္တာ အပြည့်နဲ့ စားသောက်နေကြတဲ့ ဟင်းရွက် တစ်နပ်စာလေးလောက်သာ ဖြစ်ခဲ့မယ်ဆိုရင် ( မျှဝေခံစားဝန်တာထား၍ ) ကျွန်မတို့ အားလုံးနဲ့ သက်ဆိုင်နေတဲ့ တစ်ပါးတည်း တစ်ဆူတည်းသော ဘုရားသခင်ဟာလည်း ကျေနပ်ပြီး ဝမ်းသာမဆုံးဖြစ်နေမှာ သေချာကြောင်း ချစ်သော စာဖတ်သူများကို လေးစားစွာဖြင့် တိုက်တွန်း နှိုးဆော် လိုက်ပါရစေရှင့်။ ။

(ဝန်ခံချက် ။ ၅နှစ်မြောက် အမိုး၏ အောက်မေ့ဘွယ်ရာ အမှတ်တရ နှင့် စာဖတ် သူများအား တန်ဖိုးထားလျှက် ...) **ဆွေးရင့်ခိုမ်း** (ခေတ္တကမ္ဘာမြေ )

---


# *ထာဝရဘုရားသည်သာ*

ထာဝရဘုရား သည်သာ ...
တို့ စိတ်ကူး တိမ်လိပ်တို့ ကျက်စားရာ ၊ အဆုံးမဲ့ ကောင်းကင်ပြင် ပါ။
ထာဝရ ဘုရားသည်သာ ...
တို့ အတွေးအာရုံတို့ လမ်းလျှောက်ရာ ထွက်ပေါက်မဲ့ 'ဝင်္ကပါ' ပါ ။
ထာဝရ ဘုရားသည်သာ ...
တို့ မျှော်လင့်ချက် ယုံကြည်ချက်တို့ စီးဆင်းရာ ငြိမ်သက်ခြင်း မြစ်နဒီ ပါ ။
ထာဝရ ဘုရားသည်သာ ...
တို့ ပျော်ရွှင်မှုတို့ သီးပွင့်ရာ အမြဲစိမ်းသစ်ပင် ပါ ။
ထာဝရ ဘုရားသည်သာ ...
တို့ တောင့်တမှုတို့ ပြည့်စုံရာ အရေးပါဆုံး မရှိမဖြစ် ပါ ။
ထာဝရ ဘုရားသည်သာ ...
တို့ ချစ်ခြင်းတွေ အားလုံးရဲ့ ထာဝရ မူပိုင်ရှင် ပါ ။
ထာဝရ ဘုရားသည်သာ ... တို့ ယုံကြည်ရာ ကမ္ဘာ ၊
ထာဝရ ဘုရားသည်သာ ... တို့ မျှော်လင့်ရာ စကြဝဠာ ၊
ထာဝရ ဘုရားသည်သာ ... တို့ရဲ့ အရာရာ အားလုံးကို ပေးစွမ်းနိုင်တဲ့သူပါ ။

**( ရှိုန်းမေရီ ၊ နယ်လီဇော် )**

---

## သတင်းကောင်း



စစ်မက်ဘေးရန် ကပ်ဘေးဒဏ်ဖြင့်
ရှေ့ နောက် မြောက် တောင် ၊ မျှော်ကာ ယောင်လည်း
မရှိ ကယ်သူ ၊ အပြစ် နဲ့ လူ ။
  အပြစ်သိသူ ကယ်တင်ယူဖို့
  ယေရှုဖွင့်ပေး လူ့နောင်ရေးတွက်
  အသက်လမ်းမှာ လျှောက်လှမ်းပါ။
ကောင်းမှု အစုစု ၊ အားထုတ်ပြုလည်း
ရှေ့နောက် မကာ ၊ သဲကျ ရေပမာ
ကြိုးစားသမျှ အနတ္တ ။
  မစုံလင် လူသား ၊ အပါယ် မလားဖို့
  ယေရှု ပေးလှူ ၊ ပြု့ ကုသိုလ်ကား
  သင့်အတွက် ရည်ရာ လက်ခံပါ။
နောင်ရေး တွေးကြောက် ၊ သောက ရောက်၍
မထူးဇာတ်ခင်း ၊ ထင်ရာ နင်းလည်း
ရှောင်လွှဲ မရ ၊ ဘေး မရဏ ။
  မင်းယမ ကို နိုင် ၊ အသက်ကို ပိုင်လျှက်
  နန်းဘုံ ခန်းဝါ ၊ သူ ပြင်ထားပြီ
  ယုံကြည်ကိုးကာ ခိုနားပါလော့ ၊ ခိုလှုံလော့ ။ ။



**( Samuel Soe Lwin )**

---

## ကျေးဇူးတော်ကြောင့် ( THALAY )

ထာဝရဘုရားသခင်သည် ကျွန်မရဲ့ အသက်တာမှာ ကြီးသောအမှု၊ စစ်၍ မကုန်နိုင်သောအမှု၊ ရေတွက်၍ မဆုံးနိုင်သော အမှုတို့ကို ပြုတော်မူတယ်ဆိုတာ ကျေးဇူးတော် မချီးမွမ်း၊ သက်သေ မခံဘဲ မနေနိုင်ပါဘူး။ မအားလပ်တဲ့ ကြားထဲက သက်သေခံခွင့် ရရှိလို့ ကျေးဇူးတော် ချီးမွမ်းပါတယ်။

ကျွန်မဟာ လှည်းကူးမြို့နယ်ရဲ့ အထက ကျောင်း တစ်ကျောင်းမှာ မူလတန်းပြ အဖြစ် တာဝန် ထမ်းဆောင်နေရာမှာ ၄င်း နှင့် မနီးမဝေးသော နေရာရှိ မူလတန်းကျောင်း တစ်ကျောင်းတွင် ကျောင်းအုပ် အဖြစ် ရာထူးတိုးမြှင့်ခြင်း ခံရပါတယ်။ အဲဒီလို နေရာကို ဘုရားသခင်က ကျွန်မလို မိန်းမသား တစ်ယောက်ကို ကျောင်းအုပ် အဖြစ်နဲ့ ခန့်ထားခဲ့ပါတယ်။ အဲဒီ ကျောင်းမှာ ကျောင်းသား ၂၀၀ကျော်နဲ့ ဆရာ၊ ဆရာမ လေးဦးကို အုပ်ချုပ်ခဲ့ရပါတယ်။ ဒီလို ပြဿနာတွေ ပြည့်နေတဲ့ ကျောင်းကို ရောက်လာတဲ့ ကျွန်မဟာ ရောက်စကတည်းက ဘာပြဿနာမှ မရင်ဆိုင်ခဲ့တဲ့အပြင် ကျေးရွာရှိ ရပ်မိ ရပ်ဖတွေနဲ့ ပူးပေါင်းပြီး ကျောင်းအသစ် တစ်ဆောင်ကို ကျွန်မရဲ့ အစွမ်းအစ တစ်ခုမှ မပါဘဲ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ကျောင်းဆောင်ရဲ့ လေးပုံ သုံးပုံအထိ ပြီးအောင် တည်ဆောက် နိုင်ခဲ့ပါတယ်။

ကျေးရွာမှာလဲ မိခင်နှင့်ကလေး စောင့်ရှောက်ရေးက တစ်ဘက်၊ အမျိုးသမီးရေးရာ တာဝန်က တစ်ဘက်နဲ့ လူမှုရေးလုပ်ငန်းတွေနဲ့ အလုပ်များခဲ့ရပါတယ်။ အသင်းတော်မှာလဲ ဘဏ္ဍာထိန်း တစ်ဦးအနေနဲ့ ပါဝင်လုပ်ဆောင်ခွင့် ရခဲ့ပြန်ပါတယ်။ ထို့အပြင် မူလတန်းကျောင်း ၁၅ကျောင်း အုပ်စုမှာ အုပ်စု ထူးချွန် စာစစ်အဖွဲ့တွင် ဥက္ကဌ အဖြစ် ပါဝင်ခွင့် ရခဲ့ပြန်ပါတယ်။ ဒီအရာတွေ အတွက် ကျွန်မ ဝါကြွားနေခြင်း မဟုတ်ပေမဲ့ ကျွန်မကို ဘုရားသခင်က 'အမြီး' မဖြစ်စေဘဲ၊ 'ဦးခေါင်း' ဖြစ်စေတယ် ဆိုတာကို ကျေးဇူးတော် ရေတွက် ချီးမွမ်းနေခြင်းဘဲဖြစ်ပါတယ်။

အိမ်ထောင်မှာလဲ ကလေး သုံးယောက်ရဲ့ ပညာရေး၊ စီးပွားရေး ၊ စားဝတ်နေရေး ကိစ္စ အဝဝ တွေနဲ့ အမြဲတမ်း အလုပ်ရှုပ်နေတဲ့ ကျွန်မကို ခင်ပွန်းသည်က အလိုမကျ ဖြစ်ခဲ့ပေမဲ့ ကျွန်မ အပြုံးမပျက် ဆောင်ရွက်နိုင်ခဲ့ခြင်းဟာ ဘုရားရှင်ပေးတဲ့ ဉာဏ်ပညာနဲ့ ခွန်အားကြောင့်ဘဲ ဖြစ်ပါတယ်။ ဒီလို ကျွန်မ အလုပ်များ နေရခြင်းဟာလဲ ဘုရားသခင်ရဲ့ အကြံအစည်ဘဲ ဖြစ်ပါတယ်။

**ဘုရားသခင်သည် ငါတို့ ခိုလှုံရာ ဖြစ်၍ ခွန်အားကို ပေးတော်မူ၏။ ဘေးရောက်သည့်ကာလ အထူးသဖြင့် ကူမတော်မူကြောင်း ထင်ရှားလျှက်ရှိ၏။ ဆာလံ ၄၆း၁**

ကျွန်မ ဒီလို အလုပ်ရှုပ်နေမိလို့ တစ်ခါတစ်ခါ စိတ်ညစ်စရာတွေနဲ့ တွေ့တဲ့အခါ ဒီအလုပ်တွေကို မလုပ်ချင်တော့ဘူး။ ဘုရားသခင် ကျွန်မ ကို အလုပ်သစ် တစ်ခု ပြင်ဆင်ပေးပါလို့ ဆုတောင်းမိတယ်။ ဒီလို အလုပ်များခြင်းဟာ နောက်ထပ် အလုပ်သစ်တစ်ခုအတွက် ဘုရားသခင်က ကျွန်မကို လေ့ကျင့်ပေးနေတယ်ဆိုတာ အဲဒီတုံးက ကျွန်မ မသိ နားမလည်ခဲ့ပါဘူး။

တစ်နေ့ ကျွန်မ ခင်ပွန်းက စက်ပစ္စည်း တစ်ခုကို အရမ်း လိုချင်တဲ့ အတွက် ရှိတဲ့ငွေနဲ့ တစ်ချို့ ချေပြီး တစ်ချို့ကို ငွေတိုးနဲ့ ချေးငှားဝယ်ယူမိပါတယ်။ အဲဒီ စက်ကလဲ ဝယ်ပြီးကတည်းက လုပ်ငန်း မကောင်းတော့တဲ့ အတွက် ချေးထား တဲ့ ငွေတိုးကြောင့် စိတ် အရမ်းညစ်ခဲ့ရပါတယ်။ ဒါပေမဲ့

ကျွန်မ စိတ် မပျက်ပါဘူး။ ဆုတောင်းတယ်။ ကျမ်းစာ ပိုဖတ်ဖြစ်လာပါတယ်။ အစာရှောင် ဆုတောင်းတတ်လာပါတယ်။ တစ်ပါတ်ကို တစ်ရက်ကနေ နှစ်ရက် အထိ အစာရှောင် ဆုတောင်းခဲ့ပါတယ်။ အဲဒီလို အစာရှောင် ဆုတောင်းတဲ့အတွက် အလုပ်သစ်တစ်ခုကို ဘုရားသခင်က ပြင်ဆင် ပေးခဲ့ပါတယ်။

တစ်ခါမှ နိုင်ငံခြားမှာ အလုပ်လုပ်ဖို့ စိတ်မကူးခဲ့တဲ့ ကျွန်မဟာ စင်ကာပူမှာ ရှိတဲ့ ကျွန်မ ညီမက “လူနာ အရေးကြီးတယ်၊ လူနာ စောင့်ဖို့ အမြန်လာရမယ်”လို့ အကြောင်းကြား လာပါတယ်။ အဲဒီအချိန်မှာ ကျွန်မလဲ နိုင်ငံခြားထွက်ဖို့ ပတ်ပို့စ် မလုပ်ခင် နိုင်ငံသား စီစစ်ရေးကဒ် ပျောက် နေတဲ့အတွက် မှတ်ပုံတင်အသစ် ထပ်လုပ်နေရပါတယ်။ မှတ်ပုံတင် လုပ်လို့ ကြာ နေတဲ့ အချိန်ဟာ လဲ ဘုရားသခင် ပြင်ဆင်ပေးတာဘဲ ဖြစ်ပါတယ်။ အဲဒီ ကုန်ကျစရိတ်တွေကို စင်ကာပူက သူဌေးက ကျခံပေးတဲ့ အတွက် ကျွန်မ ငွေရေးကြေးရေး အခက်အခဲ မရှိခဲ့ပါဘူး။

အဲဒီအချိန်မှာ ကျွန်မ ကြည့်ရမဲ့ လူနာ ဆုံးသွားပြီ၊ ကုန်ကျတဲ့ငွေကို ပြန်မယူတော့ပါဘူး လို့ ညီမက အကြောင်းကြားလာပါတယ်။ ကျွန်မ နိုင်ငံခြား ထွက်ဖို့ အခွင့်အရေး မရှိတော့ဘူးဆိုတာ သိပေမဲ့ ဆုတောင်း မပျက်ခဲ့ပါဘူး။

**ထမ်းရွက်ရသော ဝန်ကို ထာဝရဘုရား၌ ချထားလော့ ၊ သင့်ကို မစ တော်မူမည်။ ဆာလံ ၅၅း၂၂**

ဆက်ပြီး ဆုတောင်းရင်းနဲ့ ၂၆–၆–၂၀၀၅ မှာ ကျွန်မ စင်ကာပူကို လာခွင့်ရပြီး ခရစ်ယာန်မိသားစု အိမ်ထောင်မှာ အလုပ်လုပ်ခွင့် ရခဲ့ပါတယ်။ အလွန် အလုပ်များတဲ့ အိမ်ဖြစ်ပေမဲ့ မြန်မာပြည်မှာကတည်းက အလုပ် များခြင်းတွေနဲ့ ဘုရားသခင်က ကျွန်မကို လေ့ကျင့်စေခဲ့တာမို့ ကျွန်မ ကောင်း ကောင်း မွန်မွန်မွန်ဘဲ ကျေးဇူးတော်ကြောင့် လုပ်နိုင်ခဲ့ပါတယ်။

**ထာဝရဘုရား၌ မွေ့လျော်ခြင်း ရှိလော့၊ သို့ပြုလျှင် စိတ်နှလုံး အလို ပြည့်စုံရသော အခွင့်ကို ပေးတော်မူမည်။ ဆာလံ ၃၇း၄**

**ကိုယ်အမှုအရာကို ထာဝရဘုရား၌ အပ်လော့၊ ကိုယ်တော်ကို ကိုးစား လော့။ သို့ပြုလျှင် စီရင်တော်မူမည်။ ဆာလံ ၃၇း၅**

ထိုကျမ်းစာများ၌ ဆိုထားသကဲ့သို့ ကျွန်မ ထမ်းရွက်ရမဲ့ အမှုကိစ္စတွေကို ထာဝရဘုရားလက်တော်ထဲ အပ်နှံလိုက်တဲ့အခါ ဝန်ထုတ် အားလုံးကို ယခုအချိန်မှာ ပေါ့ပါးစေခဲ့သလို ဘုရားရှင်ရဲ့ ကြီးမြတ်တဲ့ ကျေးဇူး တော်ကို ခံစားခဲ့ရပါတယ်။ သည့်အတွက် ဘုရားသခင်ရဲ့ ကျေးဇူးတော် ကို ချီးမွမ်း ရေတွက် သက်သေခံလိုက်ရခြင်းဘဲဖြစ်ပါတယ်။ ။

ကျေးဇူးတော်ချီးမွမ်း၍ – ( THALAY )

---

## အချိန် ( BWAR )



**ဒေသနာ ၃း၁ ခပ်သိမ်းသော အမှုအရာတို့သည် မိမိတို့ အချိန်ရှိ၏။ မိုးကောင်းကင် အောက်၌ ကြံစည်သမျှ အသီးအသီးတို့ကို ပြုရသော အချိန်ရှိ၏။**

ဒေသနာကျမ်း အခန်းကြီး ၃ က မိသားစုနဲ့ ဝေးနေတဲ့နေရာမှာ ရောက်နေတဲ့ ကျွန်မ အတွက် ဖြတ်သန်းခဲ့ရတဲ့ အချိန်တွေကို ပြန်ပြီးတော့မှ မြင်ယောင် တမ်းတ စေပါတယ်။

ကျွန်မ ဆုတောင်းတတ်တဲ့ အရွယ်ကစလို့ ဆုတောင်းတိုင်း “ဘုရားသခင် – ကျွန်မကို မိဘနှစ်ပါးနဲ့ အတူ စုံလင်စွာနေခွင့်ပေးထားတဲ့ အတွက် ကျေးဇူးတော်ချီးမွမ်းပါတယ်။ အစ်ကို တစ်ယောက်နဲ့ အစ်မ တစ်ယောက် ကိုပါ ပေးထားလို့ ကျေးဇူးတော်ချီးမွမ်းပါတယ်” လို့ ဘုရား သခင်ရဲ့ ကျေးဇူးတော်ကို အမြဲ ချီးမွမ်းခဲ့ပါတယ်။ သူငယ်ချင်းတွေထဲက ဘယ်သူ့ရဲ့ အမေက ဘာရောဂါနဲ့ ဆုံးသွားပြီ။ ဘယ်သူ့ရဲ့ အဖေ ကတော့ဖြင့် ဘယ်နေ့က ဆုံးသွားပြန်ပြီ လို့ ကြားရတိုင်း သူတို့အတွက် စိတ်မကောင်း ဖြစ်မိသလို ကျွန်မရဲ့ မာမီနဲ့ ပါးကြီး ကျန်းမာစွာ ကျွန်မနဲ့အတူ ရှိနေတဲ့ “အချိန်” အတွက် ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို အထပ်ထပ် ချီးမွမ်း မိပြန်ပါတယ်။

မိသားစုတွေနဲ့ အတူ ပျော်ရွှင်စွာ နေခဲ့ရတဲ့အချိန်တွေက ကျွန်မ အတွက် တန်ဖိုး အရှိဆုံးနဲ့ အမှတ်ရဆုံး အချိန်တွေပေါ့။ အထူးသဖြင့် ကျွန်မကို ချစ်ပြီး အလိုလိုက်တတ်တဲ့ ပါးကြီးနဲ့အတူ နေခဲ့ရတဲ့ ရက်တွေက ကျွန်မ အတွက် အပျော်ရွှင်ဆုံး အချိန်တွေပါ။ အိမ်မှာ ကျွန်မကို မာမီက ဆူရင် ပါးကြီး နားမှာဘဲ ခွဲနေမိတယ်။ ပါးကြီးက ကျွန်မကို အလိုလိုက်ပြီး တစ်ခါမှ မဆူခဲ့ မရိုက်ခဲ့ဘူး။ “မဲသဝေါ၊ မီးငယ်လေး၊ ဝိုင်းပုံချစ်” တဲ့ ချစ်စနိုးနဲ့ နာမည်တွေ အမျိုးမျိုးပေးခဲ့တယ်။ အပြင်ကို အတူတူ ထွက်ရရင်လဲ ဘယ်နေရာက ဘယ်လို၊ ဘာတွေ ဖြစ်တတ်တယ်၊ ဆိုတာ စိတ်ရှည်ရှည်နဲ့ အမြဲ ရှင်းပြပေးပါတယ်။

အပြင်ထွက်ပြီး ပြန်လာရင် ကျွန်မ ကြိုက်တတ်တဲ့ ပဲနို့ရည် ချောကလက် ဝေဖာတွေ အမြဲ ဝယ်လာပေးခဲ့တယ်။ ကျွန်မ မွေးနေ့ ရောက်တိုင်း အရုပ်ဘဲ ပူဆာတတ်တဲ့ ကျွန်မအတွက် မာမီရဲ့ ဆူသံကို ခေါင်းငုံ့ခံပြီး သားအဖ နှစ်ယောက် အပြင်ကို အတူတူထွက်လို့ ကျွန်မ ကြိုက်တဲ့ အရုပ်ကို ရအောင်ဝယ်ပေးခဲ့တဲ့ အချိန်တွေကို ပြန်မြင်ယောင် နေမိတယ်။ ကျွန်မကို လိမ္မာစေဖို့ ဆုံးမတဲ့ စကား အမြဲဆိုတတ်တဲ့သူပေါ့။ အစ်ကို အစ်မတွေကို စိတ်မဆိုး၊ စိတ်မကောက်ရဘူး။ မောင်နှမ အချင်းချင်း ချစ်ချစ်ခင်ခင် နေရမယ်တဲ့။

ကျွန်မ အဝေးရောက်နေချိန်မှာ ကျွန်မဆီ စာရေးတော့လဲ အထက် လူကြီး တွေရဲ့ စကားကို နာခံဖို့၊ လူနာတွေကို ကြင်နာ သနားဖို့ ချိုချိုသာသာ ဆက်ဆံဖို့ အမြဲ ဆုံးမ စာရေးခဲ့ပါတယ်။ ကျွန်မ စင်ကာပူကို လာဖို့ ပြောတော့လဲ ကျွန်မ ဆန္ဒမို့ မပိတ်ပင်ပေမဲ့ မျက်နှာ မကောင်းရှာပါဘူး။ လေဆိပ်ကို လိုက်ပို့တော့ မှန်တံခါး အဝ မှာ ကျွန်မကို ထားခဲ့ပြီး “မီးငယ်လေး ပါးကြီး ပြန်တော့မယ် လိမ္မာနော်” လို့ဘဲ ပြောပြီး ချက်ခြင်း ထွက်သွားခဲ့တယ်။ နောက်ကို လုံးဝ လှည့်မကြည့်ခဲ့ဘူး။ ကျွန်မလဲ ပါးကြီးရဲ့ နောက်ကျောကို လှမ်းကြည့်နေခဲ့ပေမဲ့ အဲဒီအချိန်လေးဟာ ကျွန်မ ဘဝမှာ ပါးကြီးကို နောက်ဆုံး တွေ့လိုက်ရခြင်းဘဲဆိုတာ အဲဒီအချိန်တုံးက သတိ မထားမိခဲ့ဘူး။ အခုတော့ဖြင့် ပါးကြီးတစ်ယောက် ကျွန်မကို ခွဲခွာသွားလို့ ဘုရားသခင်ရဲ့ အိမ်တော်ဆီ ရောက်သွားခဲ့တာ ၂ နှစ် ဆိုတဲ့ အချိန် ကာလ ရှိနေခဲ့ပြီ။ ကျွန်မ အတွက်တော့ဖြင့် ပါးကြီးရဲ့ ချစ်ခြင်းမေတ္တာနဲ့ ဆုံးမ ခြင်းတွေကို အခုချိန်တိုင် ခံစားကြားယောင်နေဆဲပါဘဲ။ ကျွန်မ ဖြတ်သန်း ခဲ့ရတဲ့ အချိန်တွေက ချစ်ပါးကြီးနဲ့ အတူ မိသားစုနဲ့ ပျော်ရွှင်ခဲ့ရတဲ့ အချိန်တွေ ရှိခဲ့သလို ပါးကြီးနဲ့ ခွဲခွာပြီး မိသားစုနဲ့ ဝေးကွာနေရတဲ့ လက်ရှိအချိန်တွေ ပါဘဲ။ ဒီအချိန်တွေကို ဘုရားသခင်က ကျွန်မအတွက် သတ်မှတ် ပေးထားခဲ့ပြီးသားပါ။ ဘယ်လို အချိန်မျိုးတွေဘဲဖြစ်ပါစေ၊ ဘုရားသခင် ပေးထားတဲ့ အချိန်တိုင်းအတွက် ကျေးဇူးတော် ချီးမွမ်းတတ်ဖို့ ဘုရားသခင်က ဒေသနာကျမ်းအားဖြင့် သွန်သင်ပါတယ်။ ဆက်ပြီးမှလဲ ကျွန်မအတွက် ဘုရားသခင် ပြုလုပ်ပေးအုံးမဲ့ ရှေ့ဆက်ရမဲ့အချိန်နဲ့ အရာခပ်သိမ်း အတွက် ကျေးဇူးတော်ကို ကြိုတင် ချီးမွမ်းရင်း ... ... ။

**ဒေသနာ ၃း၁၄ ၊ ဘုရားသခင် ပြုတော်မူသမျှသော အမှုသည် နိစ္စ ထာဝရ ဖြစ်သည်ကို ငါသိ၏။ ထပ်၍ မပြုနိုင်ရာ၊ နုတ်၍ မယူနိုင်ရာ။ လူတို့သည် ရှေ့တော်၌ ကြောက်ရွံ့မည်အကြောင်း ဘုရားသခင် ပြုတော်မူ၏။**

( BWAR )

---

## အသစ်သောမွေးဖွားခြင်း (အန်ဒရူး )



**ကျမ်းစာ၌ နိကောဒင် အမည်ရှိသော သူတစ်ယောက်သည် ည အခါ သခင်ယေရှုနှင့် စကားပြောရန် လာခဲ့၏။ ထိုသူသည် ဘာသာရေး ကိုင်းရှိုင်းသူ၊ ယုဒတရားဇရပ်သို့ သစ္စာရှိစွာ မှန်မှန်တက်သူ၊ များစွာ ဆု တောင်း သောသူ၊ အလှူ ပေးသောသူ၊ ကောင်းသော အမှုများကိုပြု သောသူ ဖြစ်ပါသည်။ သို့သော်လည်း သူ၏ အသက်တာ၌ တစ်စုံတစ်ခု လိုအပ် နေသေးကြောင်းကို ခံစားနေရသောသူလည်း ဖြစ်ပေသည်။**

နိကောဒင်သည် သခင်ယေရှု၏ အသစ်သော သွန်သင်ခြင်း များက သူ့အသက်တာ၏ လိုအပ်မှုများကို ဖြည့်ဆည်း ပေးနိုင်လိမ့်မည်ဟု စဉ်းစား မိခဲ့ပေသည်။ နိကောဒင်၌ သွန်သင်မှု အသစ်ထက်သာ၍ လိုအပ် သော အရာသည် ဘုရားသခင်၏ မိသားစု၌ ဘုရားသားအဖြစ် တဖန် ဒုတိယ မွေးခြင်း ခံရန်ဖြစ်ပေသည်။

**ယေရှုက ဒုတိယမွေးခြင်းကို မခံသောသူ မည်သည်ကား၊ ဘုရားသခင် ၏ နိုင်ငံတော်ကို မမြင်ရဟု ငါအမှန်အကန်ဆိုသည်ဟု ပြန်၍ မိန့်တော်မူ၏။ (ယော၊၃း၃)**

**သခင်ယေရှု၏ ပြောစကားက သူ့အား တုန်လှုပ်စေခဲ့သည်၊ သူသည် အကျင့်ကောင်းသောသူ၊ ဘာသာရေး ကိုင်းရှိုင်းသူ၊**

ဘုရားသခင်၏ အလုပ်များ၌ ပေးလှူသောသူ၊ ဂျူးလူမျိုးများကို ကျမ်းစာ သင်ပေးသော ဆရာ တစ်ဦးဖြစ်သည်။၊ ဤအရာများအားလုံးက သူ၌ ရှိသော်လည်း၊ သူသည် ဘုရားသား တစ်ဦးတော့ မဟုတ်ပေ။ ယေရှုက 'ဇာတိပကတိ မွေးသော အရာသည် ဇာတိ ပကတိ ဖြစ်၏။ ဝိညာဉ်တော် မွေးသော အရာသည် ဝိညာဉ်ဖြစ်၏။ ဟုဆိုခဲ့ပါသည်။။

**ဒုတိယ မွေးခြင်းကို ခံရမည်ဟု ငါပြောသည်ကို အံ့ဩခြင်း မရှိနှင့်။ (ယော၊ ၃ း ၇ )**

ဤသွန်သင်ချက်များက နိကောဒင် တစ်ဦး တည်းကို သာမက အားလုံးသော သူများနှင့် သက် ဆိုင်ပေသည်။ သင်သည် မည်သူမည်ဝါ ဖြစ်ပါစေ၊ ဒုတိယ မွေးခြင်းကို ခံရန် အမှန်လိုအပ်ပေသည်။

အဘယ်ကြောင့် ဒုတိယမွေးခြင်းကို ခံရန် လိုအပ်ပါသနည်း။ အပြစ်သား မျိုးနွယ်အဝင်ဖြစ်ခြင်းနှင့် ဘုရားသခင်၏ အပြစ်ဒဏ် စီရင်ခြင်းကို ခံထားရသောကြောင့် ဖြစ်၏။ ပထမဦးဆုံးသောသူ အာဒံ သည် ဘုရား၏ ပုံသဏ္ဌာန်နှင့် အညီ ဖန်ဆင်းခံခဲ့ရပြီး၊ သူသည် ဘုရား သခင်ကို ပုန်ကန် ခဲ့၏။

ဘုရားစကား နားမထောင်ခြင်းက အပြစ်သား ဖြစ်စေခဲ့၏။ အာဒံ သည် လူသားတရပ်လုံး၏ 'အစ' တနည်း ' ဦးခေါင်း' ဖြစ်ပြီး၊ သူ၏ အပြစ်ဗီဇကို လူသားတရပ်လုံးသို့ လက်ဆင့် ကမ်းခဲ့ပေသည်။

**အပြစ်တရားသည် တယောက်သောသူအားဖြင့် ဤလောကသို့ ဝင်၍ အပြစ်တရားအားဖြင့် သေခြင်းတရား ဝင်သည်နှင့်အညီ၊ လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ ရောက်ရကြ၏၊ ... တစ်ယောက်သောသူသည် နားမထောင်သောအားဖြင့်၊ လူများတို့သည် အပြစ်ရောက်သည်နည်းတူ ... (ရော၊ ၅း၁၂၊ ၁၉ )**

ထိုကြောင့် ကျွန်ုပ်တို့ လူသားအားလုံးသည် အပြစ်သားများ ဖြစ်ပြီး၊ ထာဝရ သေပြစ် သင့်သောသူများ ဖြစ်ပေသည်။ အဓိပ္ပါယ်မှာ ထာဝရ ဘုရားနှင့် ထာဝစဉ် ကွဲကွာပြီး၊ ထာဝရ ငရဲမီးအိုင်၌ ကျရောက် ရပေလိမ့်မည်။ အလွန်မှ ကြောက်မက်ဖွယ် ဖြစ်ပေသည်။ ဤအကြောင်း အရာ သည် အမှန်ဖြစ်ပေသည်။

သို့သော် ကျမ်းစာ၌ သတင်းကောင်း ရှိပေသည်။ ထို သတင်း ကောင်း ကား၊ ဘုရားသခင်၏ သားတော် ယေရှုခရစ်တော်သည် ကျွန်ုပ် တို့ အပြစ်အတွက် အသေခံကာ သေခြင်းမှ ထမြောက်ခဲ့ပြီးဖြစ်သည်။ သူသည် သေခြင်းမှ ထမြောက်ခြင်းဖြင့် ဘုရား၏ သားသမီးများဖြစ်သော အသစ်သော မျိုးနွယ်၏ ဦးခေါင်း ဖြစ်လာခဲ့၏။ ကျွန်ုပ်တို့သည် ပထမ မွေးခြင်း အားဖြင့် အပြစ်သား အာဒံ၏ မျိုးနွယ်ဝင်များ ဖြစ်ပြီး၊ ခရစ်တော်ကို ကယ်တင်ရှင် အဖြစ် လက်ခံပြီးနောက် ဘုရားသား ဖြစ်ခြင်း နှင့် ဘုရား၏ မိသားစုဝင် ဖြစ်လာခဲ့ပေသည်။ ဤအကြောင်းအရာသည် ဒုတိယ မွေးခြင်း ဖြစ်ပေသည်။

သင်သည် ဘုရားသခင်၏ မိသားစု၌ ဘုရားသား အဖြစ် မွေးဘွား ခြင်း အမှန်ခံပြီးဖြစ်၍ ဘုရားသခင်က သင့်အား ကယ်တင်ခြင်း ရရှိပြီးကြောင်း သိရန် အလိုရှိပေသည်။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်း ရကြောင်း သိရန်နှင့် ပြန်လည် မဆုံးရှုံး နိုင်ကြောင်း၊ စိတ်ချမှုရှိရန် နှုတ်ကပတ်တော်၌ ဘုရားသခင်က ပြောထား ပါသည်။ များစွာသော ယုံကြည်သူများသည် ကယ်တင်ခြင်း ရကြောင်း စိတ်မချဖြစ်ရခြင်းမှာ၊ ဘုရားသခင်၏ နှုတ်ကပတ်တော် စကားကို ယုံကြည် အားကိုး ရမည့် အစား၊ အခြားသော စိတ်ခံစားမှုများကို ဦးစားပေး ရှာဖွေခြင်းကြောင့် ဖြစ်ပေသည်။

**ဘုရားသခင်၏ သားတော်ကို ယုံကြည်သော သင်တို့သည် ထာဝရ အသက် ကို ကိုယ်တိုင်ရသည်ဟု သိစေခြင်းငှာ ဤအရာများကို သင်တို့အား ငါရေး၍ ပေးလိုက်၏။ (၁ယော၊ ၅း၁၃ )**

သခင်ယေရှုက ယုံကြည်သူများကို 'သိုး' အဖြစ် မကြာခဏ ခိုင်းနှိုင်း ပြောဆို ထားပါသည်။

**ငါ့သိုးတို့သည် ငါ့စကားသံကို နားထောင်၍ ငါ့နောက်သို့ လိုက်ကြ၏၊ ထိုသိုးတို့ကို ငါသိ၏၊ ထာဝရအသက်ကိုလည်း ငါပေး၏၊ ထိုသိုးတို့သည် ပျက်စီးခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်၊ အဘယ်သူမျှ ထိုသိုးတို့ကို ငါ့လက်မှ မနှုတ် မယူရာ၊ (ယော၊ ၁၀း၂၇၊ ၂၈ )**

သခင်ယေရှုက ဘာပြောသလဲ။ သူ၏ သိုးများသည် သူ့ စကားသံ ကိုကြားပြီး၊ သူ့နောက်သို့ လိုက်ပါသည်။ သူတို့ကို ထာဝရ အသက်ကိုပေး၏။ သူတို့သည် ဘယ်သောအခါမျှ ပျက်စီးခြင်းသို့ မရောက် တော့ပေ။ သင့်အား အမှန်တကယ် သခင်ယေရှု ပိုင်ဆိုင်ခဲ့သော်၊ သူ၏ဂတိ စကားကို စွဲကိုင်ပြီး ' ငါ ကယ်တင်ခြင်း ရခဲ့ပြီ ' ဟု ပြောဆို သက်သေခံပါ။ ။ **( အန်ဒရူး )**

---



**<u>အချိန်မီ</u>** (ဓေါ်မိုး)

ကျွန်ုပ်တို့ အားလုံးအပေါ်မှာ ဘုရားရှင် ကောင်းမြတ်ပါတယ်။ သို့သော်လည်း ကျွန်ုပ်တို့ဟာ ကျေးဇူးတော်တွေကို ခံစားရလွန်းပေါင်း များနေလို့ ရိုးသွားပြီး ချီးမွမ်းဖို့ တခါတလေ မေ့သွားတတ်ကြ ပါတယ်။ သိသိကြီးနဲ့ မေ့သွားခဲ့တာတွေလည်း ပိုပို များများလာခဲ့ပါတယ်။ ဒါပေမဲ့ ဘုရားသခင်ဟာ သားသမီးတွေ အပေါ်မှာ စိတ်ပျက်ခြင်းမရှိဘဲ ဆက်လက် ချစ်နေဆဲ။ ကောင်းးမြတ်နေဆဲဘဲ။ ဘုရားရှင်ကောင်းမြတ်ပါတယ်။

အဲဒီလို သိသိကြီးနဲ့ မေ့သွားခဲ့တဲ့ မေ့ချင်ဟန်ဆောင်တဲ့ သူတွေ ထဲမှာ ကျွန်မတို့ လူငယ်လေးတွေက ထိပ်ဆုံးကပါဘဲ။ လူငယ်တွေဟာ စိတ်ဆတ်တယ်။ သွက်လက်တယ်။ ဘယ်အရာမဆို သေချာစွာ စဉ်းစား ဆုံးဖြတ် ချင့်ချိန်မှုကို အလေးထားတတ်ခြင်း မရှိခဲ့ကြပါ။ ကိုယ်လုပ်ချင်တာ တွေကို လုပ်ချ လိုက်ကြပါတယ်။ ကိုယ်ဖြစ်ချင်တာတွေကို ဖြစ်ချ လိုက်ကြပါ တယ်။ ဒီလို ကိုယ် လုပ်ချင်တာတွေကို လုပ်ချလိုက်တဲ့အတွက်ကြောင့် နောက်ဆုံးမှာ "ငါ နောက်ကျ သွားပါလား " လို့ ရေရွတ်ရင်းနဲ့ သင်ဘာများ တတ်နိုင်အုံးမှာလဲ။ စိတ်မပျက်ပါနဲ့၊ သင့်အတွက် အချိန်မီ ပါသေးတယ် မိတ်ဆွေ။

အချိန်မီ ခဲ့တဲ့ ကျွန်မရဲ့အကြောင်း အနည်းငယ်ဖော်ပြချင်ပါတယ်။ ကျွန်မဟာ ငယ်ရွယ်တဲ့ သူတစ်ယောက်ပါ။ ကျေးဇူးတော်ကြောင့် ဒီစင်ကာပူ နိုင်ငံကို ရောက်ရှိလာခြင်းဖြစ်ပြီး၊ ဘဝရည်မှန်းချက်ကို အကောင်အထည် ဖော်ဖို့ တာစူနေတဲ့ သူတစ်ဦးဖြစ်ပါတယ်။ ဒါပေမဲ့ အဆင်မပြေခဲ့ပါဘူး။ ဒီလို အဆင်မပြေမှု တွေကို ဖြတ်သန်းရင်း ဘုရားသခင်ရဲ့ ကြည့်ရှုစောင့်မမှုကြောင့် အခုအချိန်မှာ အရာအားလုံး အဆင်ပြေသွားခဲ့ပါပြီ။ ကျေးဇူးတော်ပါဘဲ။ ပြီးခဲ့တဲ့ လတ်တလော အချိန်တုံးက ကျွန်မဟာ အမှားကြီး တစ်ခုကို ကျူးလွန် မိတော့မလို့ လက်တစ်လုံးစာဘဲ လိုပါတော့တယ်။ အဲဒီအချိန်က ဆို ကျွန်မ စိတ်ဓါတ်ကျပြီး စိတ်ပျက်မှုကို နေ့စဉ်နေ့တိုင်း ထွေးပိုက်ထားခဲ့ရပါတယ်။ "ဘဝ"ဆိုတဲ့ အဓိပ္ပါယ်ကိုလဲ ရှာဖွေခဲ့ပါတယ်။ ဒီလိုနဲ့ ဖြတ်သန်းရင်း စိတ်တွေက ပိုပြီး ထိန်းချုပ်လို့မရ၊ စိတ်ဖိစီးမှုကို ဘယ်လိုမှ မခံစားနိုင် တော့တဲ့အခါ စိတ်ရဲ့ ထွက်ပေါက်တစ်ခုကို ရှာဖို့ ကျွန်မ စတင် လှုပ်ရှားလာ ပါတယ်။ မိတ်ဆွေ အပေါင်းအသင်းတွေကို ပေါင်းသင်းလာခဲ့ပါတယ်။ ဒီလို အပေါင်းအသင်းတွေ ပေါများလာတဲ့အခါ အချို့ အပေါင်းအသင်းတွေမှာ ကိုယ်စီ ကိုယ်စီ ချစ်သူ ရည်းစားလေးတွေနဲ့ ကြည်နူးနေကြတာကို မြင်တွေ့ဖန် များလာတော့ ကျွန်မစိတ်တွေ လှုပ်ရှားလာခဲ့မိတယ်။ ဘာဖြစ်လို့ လဲဆိုတော့ ကျွန်မဟာ ပျော်ရွှင်မှုဆိုတာ ဘာမှန်း မသိသေးတဲ့၊ မခံစား ရသေးတဲ့ လူသား တစ်ယောက် ဖြစ်နေလို့ပါ။ ဒီလိုနဲ့ အပေါင်းအသင်း တစ်ချို့က ရည်းစား ထားဖို့ တိုက်တွန်းလာကြပါတယ်။ အဲဒီအချိန်မှာ ကျွန်မ ဟာ ကိုယ့်စိတ်ကို ထိန်းချုပ်ဖို့ မေ့သွားခဲ့ပါတယ်။ ဒါပေမဲ့ ဝမ်းနည်းစရာ အကောင်းဆုံးကတော့ အဲဒီ သူငယ်ချင်းတွေက မယုံကြည်သူတွေ ဖြစ်နေခြင်း ပါဘဲ။ အဲဒီအချိန်မှာ ကျွန်မရဲ့စိတ်တွေ လေလွင့် နေခဲ့ပါတယ်။

အစတုန်းကတော့ ဖြစ်ချင်ရာဖြစ်၊ ဘာမှ ကရုစိုက်စရာ မလိုဘူး။ အသင်းတော်ထဲက ကိုယ့်ထက်ကြီးတဲ့ တစ်ချို့ ယုံကြည်သူတွေတောင် မယုံ ကြည် သူတွေနဲ့ ရည်းစားထားပြီး အိမ်ထောင်ပြုကြသေးတာဘဲ၊ ငါလဲသူတို့လို လိုက်လုပ်လို့ ဘာမှ ကြီးကြီးကျယ်ကျယ် မမှားနိုင်ပါဘူး လို့ စိတ်မှား ဝင်ခဲ့မိပါတယ်။ တစ်နေ့ ကျွန်မစိတ်တွေ တွေဝေသွားချိန်မှာ ပိုပြီး ရှုပ်ရှက်ခတ် သွားပါတယ်။ စိုးရိမ်ပူပန်မှုတွေ ပိုများလာသလို ခံစားလာရပါ တယ်။ ဒီတစ်ခါတော့ ထွက်ပေါက်ဆိုတာ မြေပြိုလို့ ကိုယ့်အပေါ် ပိကျလာတာ ပါလားလို့ ညည်းညူညည်းတွားနေချိန်မှာဘဲ အဘဘုရားသခင်က ကျွန်မရဲ့ အသက်တာကို အချိန်မီ ကယ်တင်လိုက်ပါတယ်။ အိုး – ဘုရားသခင် ကျွန်မ အပေါ်မှာ အလွန်ကောင်းမြတ်တော်မူပါတယ်။ အဘဘုရားသခင် ကျွန်မရဲ့

ဆုတောင်းသံကို နားညောင်းလိုက်ချိန်ကစပြီး ဘုရားသခင်ဟာ ကျွန်မရဲ့ အသက်တာကို ပြောင်းလဲစေခဲ့ပါတယ်။ ပြီးတော့ ဘုရားသခင်ဟာ ကျွန်မ လိုချင်နေတဲ့ ပျော်ရွှင် မှုမျိုးထက် သာ၍ကောင်းသော၊ ပို၍ကောင်းသော အကောင်းဆုံးသော ပျော်ရွှင်မှု ပေးနိုင်သူလေးကို အချိန်မီ သူပေးခဲ့ပါပြီ။ ကျေးဇူးတော်ပါဘဲ။

ဘုရားသခင်သာ ကျွန်မကို အချိန်မီ မကယ်တင်ခဲ့လို့ ရှိရင် ကျွန်မ ရဲ့ အသက်တာအတွက် မတွေးဝံ့စရာပါဘဲ။ အထူးသဖြင့် ကျွန်မတို့ လူငယ် လေးတွေဟာ နှလုံးသားရေးရာကို ပိုပြီး ဦးထိပ်ထား ကြပါတယ်။ အရာ အားလုံးထက် ပိုပြီး အားပေးကြပါတယ်။ ခုခေတ် ညီအစ်ကို မောင်နှမ လူငယ် လေးအချို့လဲ ကိုယ့်စိတ်ရဲ့ ဆန္ဒ အလိုကို လိုက်ပြီး ဖြစ်ချင်တာ တွေ လုပ်ချ လိုက်တတ်ကြတယ်။ တနည်းအားဖြင့် ဘုရားသခင်နဲ့ ဝေးကွာစေတဲ့ လမ်း၊ ဘုရားအလိုတော် မရှိတဲ့လမ်းကို လျှောက်လှမ်းခဲ့ကြ တယ်။

အခု မြင်တွေ့နေရတဲ့ အချို့သော ယုံကြည်သူ လူငယ်တွေဟာ ထာဝရ အေးချမ်း သာယာနိုင်တဲ့ ဘုရားသခင်အလိုရှိတဲ့ အိမ်ထောင်ကို စိတ်ရှည်ရှည် မရွေးချယ်ဘဲ လတ်တလော စိတ်ခံစားမှု၊ အခြေ အနေပေးမှု နောက်လိုက်ပြီး လွယ်လွယ်နဲ့ နီးစပ်ရာ၊ အဆင်ပြေရာ အချစ် တွေကို ရှာပြီး အိမ်ထောင် ထူထောင် ချင်နေကြပါတယ်။ ဝမ်းနည်းစရာ ကောင်းလှပါလား မိတ်ဆွေ။

သင့်ရဲ့ ဘဝကြင်ဖော်ဟာ အသက်ရှင်သော ဘုရားသခင်ကို သိကျွမ်းသူ မဟုတ်၊ ဘုရားအလိုတော်ကို သိ၍ ဝန်ခံကာ ဘုရား အလိုတော် အတိုင်း လျှောက်လှမ်းသူ မဟုတ်ခဲ့သည့် အတွက်ကြောင့် သင့် ဘဝ တစ် လျှောက်လုံးမှာ ပျော်ရွှင် စိတ်ချမ်းသာမှုကို ရနိုင်ပါမည်လား။ မိတ်ဆွေ သင်သည် အပင်စိုက်ပျိုးသူ တစ်ယောက်ဖြစ်ခဲ့ပါလျှင် စိုက်ပျိုးမည့် အပင် အတွက် မြေနေရာ၊ မြေဩဇာများကို ကြိုတင် ပြင်ဆင်ထားရမှာဖြစ်ပါတယ်။ အပင် စိုက်ထားရုံနဲ့ တာဝန်ပြီးမသွားပါဘူး။ အပင် ဆက်လက် ကြီးထွား ဝေဆာ သီးပွင့်ဖို့လိုအပ်ပါတယ်။ ရေလောင်းပေါင်းသင် မြေဩဇာ ကျွေးရမှာ ဖြစ်ပါတယ်။ သင်ပျင်းရိနေခဲ့ပါက သင့်အတွက် ရလဒ်က အချည်းနှီးဘဲ ဖြစ် သွားပါလိမ့်မယ်။

ထိုနည်းတူ ယုံကြည်သူ ညီအစ်ကို မောင်နှမများအနေနဲ့ တစ်ဘဝ အသက်တာ တစ်ခုလုံးအတွက် ဘဝကြင်ဖော် အိမ်ထောင်ဖက် ရွေးချယ်ရာ မှာ တူညီသော ထမ်းပိုးကို ရွေးသင့်ပါတယ်။ "ရေတစ်ခါ ငုတ်၊ ခရစ်ယာန်မ တစ်ကောင်ရ" ( ရေနစ်ခြင်းမင်္ဂလာ တစ်ခါ ခံရင် ခရစ်ယာန် မလေး နဲ့ လွယ်လွယ် လက်ထပ်နိုင်တယ်) ဆိုတဲ့ မယုံကြည်သူတွေ ကိုယ့် ကွယ်ရာမှာ ရယ်မောပြီး ပြောနေတဲ့ စကားကို ကြားယောင် ကြည့်လိုက်ကြ ပါ။ ဒီလို အပြောမျိုး မခံရအောင်၊ ဒီလို အဖြစ်မျိုး မကြုံရအောင် ကိုယ့်ကိုယ် ကို သတိနဲ့ နေပါ။ ဘုရားသခင်ရဲ့ အလိုတော်ကို ဝန်ခံပါ။ နေ့စဉ် ဘုရားသခင် ထံတော်ပါးကို တိုးဝင်ချဉ်းကပ်ပါ။ အရာရာတိုင်းမှာ ဂုဏ်တော် ချီးမွမ်းပါ။ သင့်ရဲ့ လိုအပ်သမျှ အရာ၊ လိုအင်ဆန္ဒများ အားလုံးကို ဘုရားသခင်ထံ ဝန်ချ အပ်နှံ ဆက်ကပ်ပါ။ ဘုရားသခင်ဟာ သင့်အတွက် အဆင်သင့်ရှိနေပါတယ်။

နောက်ဆုံးအနေနဲ့ ရေးချင်တာကတော့ ကျွန်မနဲ့ အတူ ဒီကမ္ဘာ ပေါ်မှာ နေထိုင်နေကြတဲ့ သူငယ်ချင်းမိတ်ဆွေ ညီအစ်ကို မောင်နှမ အားလုံး တို့ ကိုယ့်ကိုယ်ကို ထိန်းသိမ်းပါ။ (ကာမဂုဏ် ချုပ်တည်းပါ)

**မှားပြီ ဆိုတာကို သိတဲ့အချိန်မှာ ရပ်လိုက်ပြီး ချက်ချင်း ပြင်လိုက်ပါ။ မှားမှန်း သိလျှက် ဆက် မမိုက်ပါနဲ့။ အဲဒီလို ဆိုရင် အချိန်မီ ပါသေးတယ်။**

ကိုယ်ဘာဘဲဖြစ်နေ ဖြစ်နေ ဘုရားသခင်နဲ့ မဝေးကွာပါစေနဲ့။ ကိုယ့်ရဲ့ လိုအင်တွေကို ဘုရားသခင်ထံ ဖွင့်ဟ လိုက်ပါ။ သင့်ရဲ့ ခေါ်သံကို သခင် အမြဲတမ်း နားထောင်နေပါတယ်။


ကျွန်မတို့ တစ်တွေဟာ ကောင်းစားနေချိန်မှာ ဘုရားသခင်ကို မေ့လျော့တတ်ပြီး ခလုတ်ထိမှ အမိတ ဆိုသလို ဒုက္ခရောက်ချိန်မှ ဘုရားကို အားကိုး တတ်ကြပါတယ်။

**ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့၊ ကိုယ် ဉာဏ်ကို အမှီမပြုနှင့်၊ သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက်ပြု လော့။ သို့ပြုလျှင် သင်၏ လမ်းခရီးတို့ကို ဖြောင့်စေတော်မူမည်။ သုတ္တံ ၃း၅-၆ ။ ( ဇေဖါဖြိုး )**

o o o o o o o o o o o o o o o o o o o o o o o o o o o

**ယုံလွယ်သူမို့သေရာပါမဲ့ဒဏ်ရာလေးတစ်ခုပါ**

တစ်နေ့မှာတော့ စာတန်ဟာ အဖဘုရားသခင်ထံမှာ အခွင့်တစ်ခု တောင်းပါတယ်။ လောကမှာ ရှိတဲ့ လူသားတွေထဲက လူနှစ်ဦးကို သူတို့ မသေခင်မှာ ကောင်းကင်ဘုံနဲ့ ငရဲဘုံကို ကြိုတင်လေ့လာရေး ခရီးအဖြစ် အလည် အပတ်သွားစေဖို့နဲ့ သေသွားပြီးတဲ့အခါမှာ ဘယ်ဘုံကို သွားမလဲ ဆိုတာ သူတို့ စိတ်ဆန္ဒအရ လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးဖို့ကို ခွင့်တောင်းတဲ့ အခါ ဘုရားသခင်က "လုပ်စေ" လို့ အခွင့်ပေးလိုက်ပါတယ်။



အခွင့်ရတာနဲ့ စာတန်ဟာ လောကမှာ ရှိနေ တဲ့ လူယောကျ်ား နှစ်ဦးကို ကောင်းကင်ဘုံနဲ့ ငရဲဘုံကို သိစေဖို့ အလည်ခေါ်သွားခဲ့ပါတယ်။ အရင်ဦးဆုံး အစစ် ဆေးခံ လူနှစ်ဦးကို စာတန်က ငရဲဘုံကို ခေါ်သွားခဲ့ပါတယ်။ ငရဲလမ်း တစ်လျှောက်လုံး လိုလိုဟာ ပျော်စရာများနဲ့ ပြည့်နှက်နေပါတယ်။ ငရဲလမ်း တစ်လျှောက်မှာ ရှိနေတဲ့ လူတွေဟာလဲ ကခုန်ပျော်ရွှင် မြူးတူး စားသောက်လို့နေကြပါတယ်။ ပွဲတော် ကြီး တစ်ခုခုကို ကျင်းပသလိုမျိုး တူရိယာ မျိုးစုံကို တီးခတ် သီဆိုပြီး ပျော်စရာ မျိုးစုံကို စိတ်လွတ်ကိုယ်လွတ် ခံစားနေကြပါတယ်။

အဲဒီနောက်မှာ စာတန်ဟာ လူသားနှစ်ဦးကို ကောင်းကင်ဘုံကို ခေါ်ဆောင်သွားပါတယ်။ ကောင်းကင်ဘုံမှာတော့ ထာဝရ ဘုရားသခင်ရဲ့ လက်ျာတော်ဘက် ပလ္လင်ပေါ်မှာ သခင်ယေရှုခရစ် ထိုင်နေတာကို တွေ့ရပါ တယ်။ ပလ္လင်တော်ရဲ့ ရှေ့မှာ မြောက်များလှစွာသော ကောင်းကင်တမန်များနဲ့ သန့်ရှင်းသူများဟာ ဖြူစင်သော ဝတ်လုံများကို ဝတ်ဆင်ထားပြီး သိုးသူငယ်နဲ့ ထာဝရ ဘုရားသခင်အား ပျပ်ဝပ်ကာ "ခမည်းတော် သားတော် သန့်ရှင်းသော ဝိညာဉ်တော်ဘုရား ဘုန်းတော် ဂုဏ်တော် ရှိပါစေသော၊ အစ အဦးက ဘုန်းတော် ဂုဏ်တော် ရှိသည်အတိုင်း ကမ္ဘာအဆက်ဆက်ရှိပါစေ" ဟူသည့် ချီးမွမ်းကိုးကွယ်သည့် အသံများသာ အဆက်မပြတ်ကြားနေရ ပါတယ်။

စာတန်က အစမ်းသပ်ခံ လူသားနှစ်ဦးအား "အချင်းတို့ ဘယ် ဘုံမှာ နေထိုင်ဖို့ သင်တို့ ရွေးချယ်ကြမှာလဲ၊ ကောင်းကင်ဘုံလား၊ ငရဲ ဘုံလား"လို့ မေးတဲ့အခါ။ လူသားနှစ်ဦး စလုံးဟာ မတိုင်ပင်ထားဘဲနဲ့ ပြိုင်တူဘဲ "ကောင်းကင်ဘုံက ပျင်းစရာ ကောင်းပြီး၊ ငရဲဘုံကတော့ ပျော်ရွှင် စရာတွေနဲ့ ပြည့်နေတဲ့အတွက် ကျွန်တော်တို့ ငရဲဘုံမှာ ဘဲနေချင်ပါ တယ်" လို့ပြောတဲ့အခါ စာတန်က "သင်တို့ရဲ့ လွတ်လပ်တဲ့ ကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့် နဲ့ ရွေးချယ်ထားတဲ့အတိုင်း ငရဲလမ်းကို ပြန်လည်ခေါ်ဆောင်သွားပါတော့ မယ်" လို့ဆိုပြီး ပြန်ခေါ်သွားခဲ့ပါတယ်။

အဲဒီအချိန်မှာ ငရဲလမ်းကို စတင် ဝင်လိုက်တယ်ဆိုရင်ဘဲ၊ အမှောင်ထုကြီးနဲ့ ရင်ဆိုင်လိုက်ရပြီး အတွင်းပိုင်းမှာတော့ အပြစ်ထဲမှာ ပျော်မွေ့နေတဲ့ လူသားတွေဟာ ပူလောင်တဲ့ မီးဒဏ်ကြောင့် ကြောက် ခမန်းလိလိ ငိုယိုအော်ဟစ် အကူအညီတောင်းသံကို နားကွဲမတတ်ကြားလိုက် ရပါတယ်။

လူသားနှစ်ဦးဟာ ကြောက်လန့်ပြီး စာတန်ကို "ကျွန်တော်တို့ သွားချင်တာက အခုနက ခင်ဗျား လိုက်ပြခဲ့တဲ့ ပျော်စရာကောင်းတဲ့ ငရဲ လမ်းဗျ။ အခုလို ငိုစရာတွေနဲ့ ကြောက်စရာကောင်းပြီး ပူလောင်နေတဲ့ လမ်း မဟုတ်ဘူး" လို့ ပြောတဲ့အခါမှာ စာတန်ဟာ သနားစရာကောင်းတဲ့ လူသား နှစ်ဦးကို ကြည့်ပြီး ဟားတိုက်ရယ်မောကာ ဒီတစ်ခါလဲ မင်းတို့ ငါလိမ်တာ ညာတာကို ခံခဲ့ရပြန်ပြီပေ့ါ။ ငါဟာ မုသားရဲ့အဘ၊ လိမ်လည် လှည့်ဖြားခြင်းရဲ့ ဖခင်ဆိုတာ ဘုရားသခင်က ကျမ်းစာထဲမှာ မင်းတို့ကို သွန်သင်ထားတာ မင်းတို့ မဖတ်မိကြဘူး မဟုတ်လား။

မင်းတို့ရဲ့ ကမ္ဘာဦးက ဖခင်နဲ့ မိခင်ဖြစ်တဲ့ အာဒံနဲ့ ဧဝ ကိုလဲ ငါ လှည့်ဖြားခဲ့တာ မင်းတို့ မမှတ်မိကြဘူး မဟုတ်လား။ အခုတော့ မင်းတို့ ကြိုက်လို့ ရွေးချယ်ထားတဲ့ လမ်းကို ကြွပေတော့ လို့ဆိုပြီး လူသားနှစ်ဦးကို တောက်လောင်နေတဲ့ မီးပုံကြီးထဲ ကန်ချလိုက်ပါတော့တယ်။

ထာဝရ ဘုရားသခင်ရဲ့ နှုတ်ကပါတ်တော် သမ္မာကျမ်းစာရဲ့ အပြင် ဘက်မှာ ရှိတဲ့ လူ့ပညတ်တော်များ၊ ဩဝါဒများ၊ သွန်သင်ချက်များဟာ စာတန်က လူတွေကို လှည့်ဖြားထားတဲ့ ပညတ်တော်တွေဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပါတ်တော် တရားစကား သမ္မာကျမ်းစာကို နေ့စဉ် မပြတ် ဖတ်ရှု ရွတ်ဆိုပြီး ကိုယ် စိတ် နှလုံး သုံးပါးဖြင့် လိုက်နာ စောင့်ရှောက်

နိုင်ရန် သန့်ရှင်းသော ဝိညာဉ်တော် ဘုရားရဲ့ အကူအညီကို ရယူပြီး ကောင်းကင်လမ်း အစစ်အမှန်ကို ရှာဖွေသွားကြပါစို့လား မိတ်ဆွေ။ ။

ခရစ်တော်၏ ချစ်ခြင်းမေတ္တာ၌ – **မေဌေးနှင်း**

---

## သန့်ရှင်းတည်မြဲတဲ့ကတိသစ္စာနဲ့သာ . . . (နန်းစင်ဖြူ)

နှုတ်စကားတစ်ခွန်းက "ကတိ" တစ်လုံး ပေးလိုက်ရတာ လွယ်ပေမဲ့ "ကတိတည်"ဖို့ "သစ္စာရှိ" ဖို့ ဆိုတာ မလွယ်ကူပါ။ မြန်မာစကားပုံ တစ်ခုရှိပါတယ်။ ကြမ်းကျုံ့ရင် နှုတ်ရ လွယ်ပေမဲ့ စကားကျုံ့က နှုတ်ရ ခက်ပါတယ် တဲ့။ စာရေးသူကို ဘုရားသခင်က သစ္စာရှိဖို့၊ ပေးထားတဲ့ ကတိတည်ဖို့သွန်သင်ပါတယ်။

စာရေးသူရဲ့ အလုပ်ခွင်က သူငယ်ချင်း တစ်ယောက်ဟာ စာရေးသူကို တော်တော် ခင်ရှာပါတယ်။ စာရေးသူလည်း အချိန်ပြည့် ကျောင်းခြောက်လ ဆက်တက်ရတော့ အလုပ်ခွင်ထဲကို ပြန်မရောက်နိုင်တော့ပါဘူး။ စာရေးသူ ကိုသိပ်ခင်၊ သိပ်ချစ်တဲ့သူငယ်ချင်းဟာ တစ်ပတ်တစ်ခါလောက် စာရေးသူကို သူနဲ့အပြင်ထွက်ပြီး လျှောက်လည်ဖို့၊ မုန့်စားဖို့ ခေါ်ပါတယ်။ စာရေးသူလည်း ပြီး၊ ပြီးရော သဘောနဲ့ ကတိ ပေးလိုက်ပါတယ်။ ဒါပေမဲ့လည်း နောက်ဆုံးအချိန် ရောက်လာတဲ့အခါ စာရေးသူဟာ ဖုန်းဆက်ပြီး၊ အစီအစဉ်ကို အမြဲ ဖျက်လေ့ရှိပါတယ်။ စာရေးသူမှာ



အကြောင်းကိစ္စ တစ်ခုခု ပေါ်လာလို့ (သို့) မသွားချင်တော့ တဲ့အခါ အမြဲပဲ ကတိပျက်လေ့ရှိပါတယ်။ အဲ့ဒီ အခါ သူငယ်ချင်း က စိတ်ဆိုး ပြီး၊ " ငါနင့်ကို ဘယ်လို ယုံရမှာလဲ၊ တော်ပြီ၊ နောက်ဆို လုံးဝပဲ၊ မခေါ်တော့ ဘူး။ နင့်ကိုလည်း သူငယ်ချင်းလို သဘောမထားတော့ဘူး။ ဘယ်တော့မှ ခေါ်ရင် မလိုက်ဘူး။ လိုက်မယ်ဆိုပြီး ကတိပေးပြီး၊ ကတိမတည်ဘူး။" စသည်ဖြင့် အမျိုးမျိုး အပြစ်တင် ပြောဆိုပြီး စိတ်ဆိုးပါတယ်။

စာရေးသူလည်း အပြစ်ရှိသူ ပီပီ၊ "ဆောရီးပဲ၊ သူငယ်ချင်းရယ်၊ နောက်တစ်ခါ ကျရင် ဖြစ်အောင် လိုက်ပါ့မယ်။" လို့ ခွင့်လွှတ်ဖို့ တောင်းပန်ပြောဆိုရပါတယ်။ သူငယ်ချင်းလည်း တစ်ရက် နှစ်ရက် နေရင် စိတ်ဆိုးပြေသွားပြီး အပြင်ထွက်ဖို့ ခေါ်မြဲ ခေါ် ပြန်ပါတယ်။ ဒီတစ်ခါတော့ သူငယ်ချင်းက သုံးပတ်လောက် ရက်ချိန်းလုပ်ပြီး တိရစ္ဆာန်ဥယျာဉ်ကို ပျော်ပွဲစား ထွက်ဖို့ ပြောလာပါတယ်။ စာရေးသူလည်း ပြီးပြီးရော သဘောနဲ့၊ "သွားမယ်"လို့ ကတိပေးလိုက်ပါတယ်။ ဒါပေမဲ့လည်း စိတ်ထဲကတော့ သိပ်မပါဘူး။ သိပ်လည်း မသွားချင်ဘူး။ ပြီးတော့ စာရေးသူလည်း တိရစ္ဆာန်ဥယျာဉ်ကို ခဏခဏ ရောက်ဖူးတော့ သိပ်လည်း စိတ်မဝင်စားဘူး။ သူငယ်ချင်းလည်း၊ စာရေးသူနဲ့ သွားရမယ်ဆိုတော့ အပျော်ကြီး ပျော်နေတာပေါ့။ ခဏခဏလည်း ဖုန်းဆက် သတိပေးပြီး၊ သေချာအောင် ပြောပါတယ်။ စာရေးသူကလည်း သွားရမဲ့ ရက်နီးလေလေ၊ စာတွေကလည်း မပြီးတဲ့ အပြင် ဘုရားကျောင်းမှာ သီချင်းရေးစပ် သီဆိုပွဲအတွက် ဝယ်ရမဲ့ ဆုတွေနဲ့ အလုပ်ရှုပ် နေပြီး၊ သူငယ်ချင်းတစ်ယောက်ရဲ့ မွေးနေ့ ကျေးဇူးတော်ချီးမွမ်းပွဲ သွားရမဲ့ အစီအစဉ်ပါ ထပ်ရှိနေတော့ တော်တော့်ကို အချိန် လုရမဲ့နေ့ ဖြစ်နေပါတယ်။ ဒီလိုနဲ့ စာရေးသူဟာ သူငယ်ချင်းနဲ့အတူ တိရစ္ဆာန်ဥယျာဉ်ကို ရောက်သွားပါတယ်။ တစ်နေကုန်လုံး တိရစ္ဆာန်ဥယျာဉ်ထဲမှာပဲ အချိန်ကုန်သွားပြီး ဘာမှ အလုပ် မပြီးတော့ပါဘူး။ နောက်နေ့တနင်္ဂနွေနေ့မှပဲ အားလုံးကို စုပြုံပြီး လုပ်ရတော့ တော်တော့်ကို ပြေးရလွှားရ ပါတယ်။ စာရေးသူကို ဘုရားသခင် သွန်သင် လိုက်ပါတယ်။ ဘယ်တော့မှ သူတပါးကို လွယ်လွယ်ကူကူ ကတိမပေးဖို့၊ ပေးမိရင်လည်း ကတိသစ္စာအတိုင်း မရှောင်မလွှဲပဲ လုပ်ဆောင်ဖို့ကို ဘုရားပေးတဲ့ သင်ခန်းစာအဖြစ်နဲ့ စာရေးသူကို ဆုံးမသွန်သင်လိုက်ပါတယ်။

မိတ်ဆွေ ... လောကမှာ၊ ပေးထားတဲ့ ကတိသစ္စာ တည်ဖို့၊ အများကြီးအရေးကြီးပါတယ်။ မြင်ရတဲ့၊ ချစ်ရတဲ့လူတွေအပေါ်မှာ တောင်မှ ကတိသစ္စာ မတည်နိုင်ရင်၊ မမြင်ရတဲ့ ခရစ်တော် အပေါ်ဘယ်လို လုပ်ပြီး တည်နိုင်မှာလဲ။ စင်္ကာပူနိုင်ငံမှာ၊ နိုင်ငံရပ်ခြားမှာ၊ မိသားစုနဲ့ဝေး၊ ချစ်သူနဲ့ဝေးနေတဲ့အခါ၊ အထီးကျန်မှုတွေ၊ ပျင်းရိမှုတွေ၊ စိတ်ဓါတ်ကျ တဲ့အခါ အားပေးနှစ်သိမ့်မှုတွေ၊ ချစ်မေတ္တာတွေကို တောင့်တလိုချင်နေမိမှာ ဖြစ်ပါတယ်။ လူသားတွေဟာ ထွက်ပေါက်အမျိုးမျိုးနဲ့၊ စိတ်ချမ်းသာမှုတွေ၊ စိတ်ကျေနပ် နှစ်သိမ့်မှုတွေ ရဖို့၊ အထီးကျန်ဝေဒနာ ခံစားမှု ငြိမ်းဖို့၊ အမျိုးမျိုးသော နည်းလမ်းတွေနဲ့ ထွက်ပေါက်ရှာကြပါတယ်။ ဒီလို တိုးတက်နေတဲ့ နိုင်ငံမှာ နေထိုင် ရုန်းကန်လှုပ်ရှား အသက်ရှင်နေတဲ့အခါမှာ၊ ထွက်ပေါက်မှားပြီး ခြေလှမ်း တစ်လှမ်းလေးပဲ မှားလိုက်မိတာနဲ့ စာတန်သွေးဆောင်တဲ့ ချောက်ကမ်းပါးထဲ ကျသွားမှာဖြစ်ပါတယ်။ စာတန်သွေးဆောင်ဖြားယောင်းမှု လမ်းအွန္တရာယ် အမျိုးမျိုးထဲမှ စာရေးသူ ခွန်အားပေးချင်တာကတော့ သစ္စာဖေါက် ကတိပျက်ခြင်း၊ အပျော်သဘောနှင့် စိတ်အလိုလိုက်ခြင်း၊ အလိုဆန္ဒ ဖြည့်ခြင်းများကို ဘုရားသခင်၏ ခွန်အားနှင့် လွှတ်ရန်း နိုင်သောသူများ ဖြစ်ကြပါစေ။

ချစ်သူ ရည်းစားအကြား သစ္စာမရှိ ဖေါက်ပြန်မှုနှင့်၊ အိမ်ထောင်မှာ သစ္စာမရှိ ဖေါက်ပြန်ကြတဲ့အတွက် တိုးတိုးတိတ်တိတ် ရလာတဲ့ သန္ဓေသားကို အရှက်တရား ကာကွယ်ဖို့ အသက်သတ်မိကြပါတယ်။ တဒင်္ဂ လောကဘဝမှာ အရှက်ကွဲခြင်းမှ လွှတ်ဖို့၊ လတ်တလော ပြဿနာ ဖြေရှင်းဖို့အတွက် ကြံရာမရဘဲ လုပ်လိုက်မိတဲ့ အရာတစ်ခုဟာ ဘုရားသခင် အလွန် ရွံရှာမုန်းတီးတဲ့ ကြီးလေးသော အပြစ် ဖြစ်နေပါတယ်။ ဒီအပြစ် ကို လူသားတွေ ကျူးလွန် နေမိကြပါတယ်။ အဲဒီလို ကျူးလွန်မိရင်တော့ ကြီးလေးသော အပြစ်စီရင်ခြင်းဒဏ်ကို ကိုယ့်လက်ထက်မှာ သာမက၊ ကိုယ့် သားသမီး၊ မြေးမြစ် လက်ထက် ထိတိုင် ခံစားရမှာ ဖြစ်ပါတယ်။

မိတ်ဆွေ ... ဘုရားသခင်ရဲ့ ကျိန်ခြင်း အမင်္ဂလာမှ လွှတ်မြောက်ဖို့ ယုံကြည်သူ ခရစ်ယာန်များ မိမိအသက်တာကို သတိထား ဆင်ခြင်ပါ။ တိုးတိုးတိတ်တိတ် နောက်ကွယ်မှာ ဖေါက်ပြန်ခြင်းကို ဘယ်သူမှ မသိဘူးလို့ မထင်လိုက်ပါနဲ့။ ဘုရားသခင် အရာအားလုံးကို ကြည့်ရှုပြီး သိမှတ် တော်မူပါတယ်။ အပြစ် မရှိသယောင်၊ ဟန်ဆောင်ပြီးတော့လည်း အသက် မရှင် လိုက်ပါနဲ့။ နှစ်ဆသော အပြစ်စီရင်ခြင်းကို ခံရမှာဖြစ်ပါတယ်။

မိတ်ဆွေ ... စဉ်းစားဆင်ခြင်ပါ။ ကိုယ် ကျင့်ကြံပြုမူ ပြောဆိုသော အရာ၊ လုပ်ကိုင်သောအရာ၊ ကြည့်သောအရာ၊ တွေးခေါ်သော အရာများ အားလုံးတို့သည် ဘုရားသခင် နှစ်သက်သော၊ သန့်ရှင်းသော အရာများ ဖြစ်ကြပါစေလို့။ ။ **( နန်းစင်ဖြူ )**

**"နောင်တ ရသင့်သော ကာလကို ငါပေးသော်လည်း၊ သူသည် မိမိ မတရားသော မေထုန်ကို နောင်တ ရချင်သော စိတ် မရှိ၊ ထို့ကြောင့်၊ သူ့ကို အိပ်ရာ၌ ငါချထားမည်၊ သူနှင့်အတူ မတရားသော မေထုန်ကိုပြု၍၊ ထိုသို့သော အကျင့်ကို နောင်တ မရသော သူတို့ကိုလည်း၊ ကြီးစွာသောဆင်းရဲခြင်းသို့ ရောက်စေမည်၊ သူ၏ သားသမီး တို့ကိုလည်း အသေသတ်မည်၊ ငါသည် နှလုံးကျောက်ကပ်ကို စစ်ဆေး တော်မူသောသူ ဖြစ်ကြောင်းကို ထိုသို့သောအားဖြင့် ခပ်သိမ်းသော အသင်းတော် တို့သည် သိရကြလိမ့်မည်၊ သင်တို့သည် အသီးသီး ကျင့်သော အကျင့်နှင့် အလျောက် အကျိုးအပြစ်ကို ငါပေးမည်၊"** (ဗျာဒိတ် ၂း၂၁–၂၃)

---

## သားတို့ရဲ့မေမေ



စင်ကာပူ ရောက်လာ "ဆံထောက်"ညှပ်ကာ ၊
"အိုက်တင်" များနေ – တို့ မေမေ ။
အသက်ကြီးမှ ဆံပင် အရောင်ဆိုး ၊
ငယ်မူ ပြန်နေ – တို့ မေမေ ။
ဝတ်စား ဆင်ယင် ခေတ်နဲ့ ယှဉ် ၊
လျှပ်ပေါ် ချင်ပေ – တို့ မေမေ ။
ဖေဖေ့ အပေါ်မှာ သစ္စာမထား ၊
နောက်မီး လင်းနေ – တို့ မေမေ ။
ကိစ္စများလျှင် ပေါ်ပေါက်လျှင် ၊
လာဘ် ပေးပြီး ရှောင်နေ – တို့ မေမေ ။
ဆင်ခြင်ပါလေ တို့ မေမေ ။ ပြင်ဆင်ပါလေ တို့ မေမေ
နောင်တ ရပါ တို့ မေမေ ။ သခင် ပြန်လာချိန် နီးပြီလေ ။ ။
**( နီတူး )**

---

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်
( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )
**Min Aung Thet Lwin , 4 Tuas Ave 10 , Singapore 639128.**
**(( E-mail; min_atl @ yahoo.com.sg ))**